# တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ ပထမအကြိမ်မျက်နှာစုံညီ ဆွေးနွေးပွဲ
# ထုတ်ပြန်ကြေငြာချက်

ရက်စွဲ - ၂၀၁၇ ခုနှစ်၊ မေလ (၂၂) ရက်

မြန်မာနိုင်ငံရှိ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်း စုစုပေါင်း(၂၆)ဖွဲ့ပါဝင်သော တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ မျက်နှာစုံညီ ဆွေးနွေးပွဲ တခုကို ဧရာဝတီတိုင်း၊ ငွေဆောင်ကမ်းခြေတွင်မေလ(၂၀)ရက်နေ့မှ(၂၂)နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ ယင်းအစည်းအဝေးတွင် တိုင်းရင်းသားဒေသ ကျန်းမာရေးအခြေအနေများ၊ တိုင်းရင်းသားကျန်းမာရေးမူဝါဒနှင့် စနစ်အပါအဝင် လူတိုင်းလက်လှမ်းမီ လွှမ်းခြုံ ကျန်းမာရေးအကြောင်းနှင့် အစိုးရကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနနှင့် တိုင်းရင်းသားကျန်းမာရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်မှုများကို တင်ပြဆွေးနွေး ခဲ့ကြပါသည်။

အစိုးရအနေဖြင့် လူတိုင်းလက်လှမ်းမီလွှမ်းခြုံသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်ချမှတ်ထားခြင်းနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ညီလာခံတွင် ကျန်းမာရေးဆိုင်ရာသဘောထားထောက်ခံချက်များအား လက်ခံဆောင်ရွက်ရန် သဘောတူချမှတ်ထားသော်လည်း ကျန်းမာရေးဆိုင်ရာမူဝါဒနှင့်စနစ် အားနည်းနေသေးခြင်း၊ ဒေသခံတိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၊ လူထုအခြေပြုကျန်းမာရေးအဖွဲ့အစည်းများနှင့် အပြန်အလှန်လေးစား အသိအမှတ်ပြုကာ အားပေးမြှင့်တင်ပူးပေါင်း ဆောင်ရွက်မှုများအားနည်းနေသေးခြင်းနှင့် အာဏာခွဲဝေ အုပ်ချုပ်မှု မရှိခြင်းတို့ကြောင့် အထူးသဖြင့် တိုင်းရင်းသား ဒေသများတွင် ရောဂါကပ်ဘေးများအပါအဝင် တိုင်းပြည်၏ ကျန်းမာရေးအခြေအနေမှာ အလွန်ဆိုးဝါးစွာ ကြုံတွေ့နေရဆဲဖြစ်သည်။

သို့ဖြစ်ပါ၍ အစိုးရအနေဖြင့် -

၁။ ပြောင်းလဲလာသော နိုင်ငံရေးဖြစ်ထွန်းမှုနှင့်အညီ ကျန်းမာရေးဆိုင်ရာမူဝါဒ၊ စနစ်နှင့်မဟာဗျူဟာတို့ကို ပြုပြင်ပြောင်းလဲရေးအတွက် ရေးဆွဲချမှတ်ရာတွင် တိုင်းရင်းသားနှင့်လူထုအခြေပြုကျန်းမာရေးအဖွဲ့အစည်းများအားပူးပေါင်းဆောင်ရွက်ရန်။

၂။ လက်ရှိပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်နေသည့် ကြားကာလအတွင်း နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာကျန်းမာရေးအဖွဲ့အစည်းများ၏ ကျန်းမာရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်ရာတွင် တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၏ ဖွဲ့စည်းမှုစနစ် (လုပ်ပိုင်ခွင့်နှင့်စီမံအုပ်ချုပ်မှု)ကို ဆက်လက်ထိန်းသိမ်းပြီးအပြန်အလှန်လေးစား အသိအမှတ်ပြုကာ ပူးပေါင်းဆောင်ရွက်သွားရန်။

၃။ စစ်ပွဲနှင့်ပဋိပက္ခများကြောင့် ကျန်းမာရေးအခြေအနေ အလွန်ဆိုးရွားစွာ ထိခိုက်ခံစားနေရသော တိုင်းရင်းသား လူထုများနှင့် ဝေးလံသီခေါင်သောဒေသများအတွက် ဘဏ္ဍာငွေတိုးမြှင့်ချမှတ်သုံးစွဲမှုနှင့် အထူးဦးစားပေးလုပ်ငန်းစဉ်များကို ဒေသဆိုင်ရာ လိုအပ်ချက်များနှင့်အညီ မျှတစွာ ချမှတ်ဆောင်ရွက်ရန်။

၄။ ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး ဒေသဆိုင်ရာအဆင့်ဆင့်သို့ တာဝန်ခွဲဝေအုပ်ချုပ်သည့်စနစ်အား ပြောင်းလဲဖော်ဆောင်ရန် ။
ထို့အပြင်စစ်ပွဲနှင့်ပဋိပက္ခများသည် ကျန်းမာရေးအခြေအနေကို ပိုမိုဆိုးဝါးစေသောကြောင့် စစ်မှန်သောပြည်တွင်းငြိမ်းချမ်းရေးကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်သည်။

**ဆက်သွယ်ရန်**


၁။ စိုင်းလျန်း (+၉၅ ၉၂၆ ၂၂၂ ၉၃၆၀)

၂။ စောနေထူး (+၆၆ ၈၁၁ ၉၀၂ ၂၁၇)

၃။ ဆရာ ခန်းဒါးဟမ်အောင် (+၉၅ ၉၄၅ ၃၆၇ ၁၃၁၇) (+ ၉ ၅၉ ၇၉ ၃၆၀၉ ၀၁၈)

၄။ စောအယ်ကလူရွှေဦး (+၆၆ ၈၁၃၇၉ ၀၂၈၀)